ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန

# မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများ

၁၃၆၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

## မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **အခန်း (၁)** | | |
| ၁။ | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ….. | ၁ |
| | **အခန်း (၂)** | | |
| ၂။ | ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း | ….. | ၁၊ ၂ |
| | **အခန်း (၃)** | | |
| ၃။ | ခွင့်ပြုမိန့်ရရှိသူ၏တာဝန်များ | ….. | ၃ |
| | **အခန်း (၄)** | | |
| ၄။ | မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ….. | ၄ |
| | **အခန်း (၅)** | | |
| ၅။ | မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များ | ….. | ၆ |
| | **အခန်း (၆)** | | |
| ၆။ | မှတ်ကောင်ငုပ်ကွက်သတ်မှတ်ခြင်း | ….. | ၇ |
| | **အခန်း (၇)** | | |
| ၇။ | အထွေထွေ | ….. | ၈ |

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၁၁**

ရန်ကုန်မြို့၊ ၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၁၁ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်။

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကိုဆိုသည်။

(ခ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း သို့မဟုတ် မုတ်ခွံရောင်းချခြင်း လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက် ပို၍ဖြစ်စေ လုပ်ကိုင်ခွင့်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဂ) **မှတ်ပုံတင်လက်မှတ်ရရှိသူ** ဆိုသည်မှာ ဥပဒေပုဒ်မ ၉ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် ရရှိသူကို ဆိုသည်။

(ဃ) **ကော်မတီ** ဆိုသည်မှာ ဤနည်းဥပဒေများအရ ဖွဲ့စည်းသည့် မုတ်ကောင်ငုပ်ကွက် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး ကော်မတီကို ဆိုသည်။

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်။

**အခန်း (၂)**
**ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း**

၃။ (က) ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)အရ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း သို့မဟုတ် မုတ်ခွံရောင်းချခြင်း လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့် ရရှိရန် လျှောက်လွှာ **ပုံစံ (မပလ - ၁)**တွင် ပြည့်စုံစွာ ရေးသွင်း၍ သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ခ)အရ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ကောင်သားဖောက် မွေးမြူခြင်း၊ မှတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း သို့မဟုတ် ပုလဲဖော်ယူခြင်း လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက် ပို၍ဖြစ်စေ၊ လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် လျှောက်လွှာ **ပုံစံ (မပလ - ၂)**တွင် ပြည့်စုံစွာ ရေးသွင်း၍ သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၄။ သတ္တုတွင်းဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၃ အရ လျှောက်ထားချက်အပေါ် လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ပြီး သဘောထား မှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) အစိုးရအဖွဲ့၏ သဘောတူညီချက်နှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးရေးအတွက် စာချုပ်ချုပ်ဆိုရန် လျှောက်ထားသူအား အကြောင်းကြားရမည်။

(ဂ) လျှောက်ထားသူအား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် စာချုပ် ချုပ်ဆို စေရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ)အရစာချုပ်ချုပ်ဆိုပြီးနောက်သတ်မှတ်သည့်အခကြေးငွေကိုလျှောက်ထားသူ ထံမှ လက်ခံရရှိလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်သည့် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း အတွက် ခွင့်ပြုမိန့်ကို **ပုံစံ (မပလ - ၃)**ဖြင့်လည်းကောင်း၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်သည့် ပုလဲထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို **ပုံစံ (မပလ - ၄)**ဖြင့် လည်းကောင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၅။ (က) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ကောင်ဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့် ရရှိရန် လျှောက်လွှာ **ပုံစံ (မပလ-၅)**တွင် ပြည့်စုံစွာ ရေးသွင်း၍ ဦးဆောင်ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

(ခ) ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် လျှောက်လွှာ **ပုံစံ (မပလ-၆)**တွင် ပြည့်စုံစွာ ရေးသွင်း၍ ဦးဆောင်ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၆။ ဦးဆောင်ညွှန်ကြားရေးမှူးသည် -

(က) လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံမှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်အလက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လျှောက်ထားသူ အား စစ်ဆေးနိုင်သည်။

(ဂ) ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) သတ်မှတ်သည့် အခကြေးငွေကိုလျှောက်ထားသူထံမှ လက်ခံရရှိလျှင် ပြည်တွင်းရင်းနှီးမြှုပ်နှံ မှုဖြင့် မှတ်ကောင်ဖမ်းဆီးစုဆောင်းခြင်းလုပ်ငန်း လုပ်ကိုင်ရန်ခွင့်ပြုမိန့်ကို **ပုံစံ (မပလ-၇)** ဖြင့်လည်းကောင်း၊ မှတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်ကို **ပုံစံ (မပလ-၈)**ဖြင့် လည်းကောင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာပုလဲထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် မုတ်ခွံရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်သက်တမ်းကာလသည် သတ္တုတွင်းဝန်ကြီးဌာနက သတ်မှတ် ခွင့်ပြုသည့် ကာလအတိုင်းဖြစ်သည်။

## အခန်း (၃)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၈။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) နည်းဥပဒေ ၄ အရ ထုတ်ပေးသော ခွင့်ပြုမိန့်ရရှိသည့် နေ့မှ ရက်ပေါင်း ၉၀ အတွင်း ခွင့်ပြုမိန့်ပါ လုပ်ငန်းနှင့်စပ်လျဉ်း၍ အစီအစဉ်ရေးဆွဲပြီး သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြထားသည့် လုပ်ငန်းအစီအစဉ်နှင့်အညီ ခွင့်ပြုမိန့်ပါ လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) ခွင့်ပြုမိန့်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၉၀အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိလျှင် အကျိုးအကြောင်းဖော်ပြ၍ စတင်အကောင်အထည်ဖော်ရမည့် ရက်ကို တိုးမြှင့်သက်မှတ်ပေးနိုင်ရန် ဦးဆောင်ညွှန်ကြားရေးမှူးမှတဆင့် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြခွင့်ရှိသည်။

(ဃ) နည်းဥပဒေ ၄ အရ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၉၀ ပြည့်မြောက်သည့်တိုင် ခွင့်ပြုမိန့်ပါ လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသည့်အပြင် သတ္တုတွင်းဝန်ကြီးဌာနကလည်း ရက်တိုးမြှင့် သတ်မှတ်ပေးခြင်းမရှိပါက ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို သတ္တုတွင်းဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၉။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) မုတ်ကောင်သားဖောက် မွေးမြူခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ချုပ်ဆိုသောနှစ်ဖက်သဘောတူစာချုပ်တွင်နှစ်အလိုက်ခွင့်ပြုသည့် မုတ်ကောင်အရေအတွက်ကိုသာ မိမိ၏ ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း၌ အသုံးပြုခွင့်ရှိသည်။ ပိုလျှံသောမုတ်ကောင်သားပေါက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ ကြီးကြပ်လမ်းညွှန်မှု နှင့်အညီ စီမံဆောင်ရွက်ရမည်။

(ခ) ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းအတွက် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အသိအမှတ်ပြုထားသည့် ကျွမ်းကျင်သူကိုဖြစ်စေ၊ ပုလဲမွေးမြူရေးကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသူကိုဖြစ်စေ အသုံးပြုရမည်။

၁၀။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါအခကြေးငွေများကို ခွင့်ပြုမိန့်ရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း သို့မဟုတ်

မှတ်ခွဲ ရောင်းချခြင်း လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ထက် ပို၍ဖြစ်စေ လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် ပေးသွင်းရမည့် အခကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ တစ်သိန်းတိတိ) နှင့် လုပ်ငန်းဖြစ်မြောက်ရေးအတွက် ဘဏ်အာမခံငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ (အမေရိကန်ဒေါ်လာ တစ်သိန်းတိတိ)၊

(ခ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ကောင်သားဖောက်မွေးမြူခြင်း၊ မှတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း သို့မဟုတ် ပုလဲဖော်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်း တစ်ရပ်ထက် ပို၍ဖြစ်စေ လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် ပေးသွင်းရမည့်အခကြေးငွေ ကျပ် ၁၀၀၀၀၀၀ (ကျပ် တစ်ဆယ်သိန်းတိတိ) နှင့် လုပ်ငန်းဖြစ်မြောက်ရေးအတွက် ဘဏ်အာမခံငွေ ကျပ် ၁၀၀၀၀၀၀ (ကျပ် တစ်ဆယ်သိန်းတိတိ)၊

(ဂ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ကောင်ဖမ်းဆီးခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် ပေးသွင်းရမည့် အခကြေpးငွေ ကျပ် ၂၀၀၀၀ (ကျပ် နှစ်သောင်းတိတိ)၊

(ဃ) ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ခွဲရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် ပေးသွင်းရမည့် အခကြေးငွေ ကျပ် ၁၀၀၀၀၀ (ကျပ် တစ်သိန်းတိတိ)။

၁၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့်အတွက် အခကြေးငွေနှင့် အာမခံငွေတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း (၄)
## မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၂။ အောက်ပါလုပ်ငန်း တစ်ရပ်ရပ်အတွက် မှတ်ပုံတင်ခွင့်ရရှိရန်လျှောက်ထားလိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည်-

(က) ရေယာဉ်ကို မှတ်ကောင်ငုပ်ရေယာဉ်အဖြစ် အသုံးပြုရန် လုပ်ငန်းအတွက် လျှောက်လွှာ **ပုံစံ (မပလ-၉)** တွင်လည်းကောင်း၊

(ခ) ပုလဲမွေးမြူရေး ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လုပ်ငန်းအတွက် လျှောက်လွှာ **ပုံစံ (မပလ-၁၀)** တွင် လည်းကောင်း၊

(ဂ) ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူအဖြစ် လုပ်ကိုင်ရန် လုပ်ငန်းအတွက် လျှောက်လွှာ **ပုံစံ (မပလ-၁၁)**တွင်လည်းကောင်း၊

ပြည့်စုံစွာရေးသွင်း၍ ဦးဆောင်ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၁၃။ ဦးဆောင်ညွှန်ကြားရေးမှူးသည်-

(က) နည်းဥပဒေ ၁၂ အရ လျှောက်လွှာပါ အချက်အလက်များ ပြည့်စုံ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်အလက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လျှောက်ထားသူအား စစ်ဆေးနိုင်သည်။

(ဂ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) သတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် အခြားအခကြေးငွေကို လျှောက်ထားသူထံမှ လက်ခံရရှိလျှင် မှတ်ကောင်ငုပ်ရေယာဉ် မှတ်ပုံတင်လက်မှတ်ကို **ပုံစံ (မပလ-၁၂)**ဖြင့် လည်းကောင်း၊ ပုလဲမွေးမြူရေးကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို **ပုံစံ (မပလ-၁၃)**ဖြင့် လည်းကောင်း၊ ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို **ပုံစံ (မပလ-၁၄)**ဖြင့် လည်းကောင်း လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၄။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ကြေးမှာ ယှဉ်တွဲဖော်ပြသည့် အတိုင်း ဖြစ်သည်-

| | | | |
|---|---|---|---|
| (က) | မှတ်ကောင်ငုပ်ရေယာဉ်တစ်စီး | - | ကျပ် ၃၀၀၀ |
| (ခ) | ပုလဲမွေးမြူရေးကျွမ်းကျင်သူတစ်ဦး | - | ကျပ် ၅၀၀ |
| (ဂ) | ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူတစ်ဦး | - | ကျပ် ၅၀၀ |

၁၅။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားအလိုက် နှစ်စဉ်ကြေးမှာ ယှဉ်တွဲဖော်ပြသည့် အတိုင်း ဖြစ်သည်-

| | | | |
|---|---|---|---|
| (က) | မှတ်ကောင်ငုပ်ရေယာဉ်တစ်စီး | - | ကျပ် ၂၀၀၀ |
| (ခ) | ပုလဲမွေးမြူရေးကျွမ်းကျင်သူတစ်ဦး | - | ကျပ် ၅၀၀ |
| (ဂ) | ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူတစ်ဦး | - | ကျပ် ၅၀၀ |

၁၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သည့် အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်ကြေးမှာ ယှဉ်တွဲဖော်ပြသည့်အတိုင်း ဖြစ်သည်-

| | | | |
|---|---|---|---|
| (က) | မှတ်ကောင်ငုပ်ရေယာဉ်တစ်စီး | - | အမေရိကန် ဒေါ်လာ ၁၀၀၀ |
| (ခ) | ပုလဲမွေးမြူရေးကျွမ်းကျင်သူတစ်ဦး | - | အမေရိကန် ဒေါ်လာ ၂၀၀ |
| (ဂ) | ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူတစ်ဦး | - | အမေရိကန် ဒေါ်လာ ၂၀၀ |

၁၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်သည့် အောက်ဖော်ပြပါ လုပ်ငန်း အမျိုးအစားအလိုက် နှစ်စဉ်ကြေးမှာ ယှဉ်တွဲဖော်ပြသည့်အတိုင်း ဖြစ်သည်-

| | | | |
|---|---|---|---|
| (က) | မှတ်ကောင်ငုပ်ရေယာဉ်တစ်စီး | - | အမေရိကန် ဒေါ်လာ ၅၀၀ |
| (ခ) | ပုလဲမွေးမြူရေးကျွမ်းကျင်သူတစ်ဦး | - | အမေရိကန် ဒေါ်လာ ၁၀၀ |
| (ဂ) | ပုလဲမွေးမြူရေး (ရေငုပ်) ကျွမ်းကျင်သူတစ်ဦး | - | အမေရိကန် ဒေါ်လာ ၁၀၀ |

၁၈။ သတ္တုတွင်းဝန်ကြီးဌာနသည် နည်းဥပဒေ ၁၄၊ နည်းဥပဒေ ၁၅၊ နည်းဥပဒေ ၁၆ နှင့် နည်းဥပဒေ ၁၇ တွင် ဖော်ပြထားသည့် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၉။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းသည် ထိုမှတ်ပုံတင် လက်မှတ်တွင် ဖော်ပြထားသည့် ကာလအပိုင်းအခြားအတိုင်းဖြစ်သည်။

(ခ) မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် မိမိဆန္ဒအရ မှတ်ပုံတင်လက်မှတ် သက်တမ်းကို အများဆုံး ၃ နှစ် လျှောက်ထားနိုင်သည်။

၂၀။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် ဦးဆောင်ညွှန်ကြားရေးမှူးထံ သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်လျှောက်ထားရမည်။

၂၁။ ဦးဆောင်ညွှန်ကြားရေးမှူးသည်-

(က) မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သက်မှတ်ထားသည့် နှစ်စဉ်ကြေးကိုပေးသွင်းစေပြီး သက်တမ်းတိုးမြှင့်ပေးရမည်။

## အခန်း (၅)
## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များ

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သတ္တုတွင်းဝန်ကြီးဌာနက သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးတို့ကို မှတ်ပုံတင်လက်မှတ် ထုတ်ယူသည့်နေ့တွင် အပြီးပေးသွင်းရမည်။

## အခန်း (၆)
## မှတ်ကောင်ငုပ်ကွက်သတ်မှတ်ခြင်း

၂၃။ သတ္တုတွင်းဝန်ကြီးဌာနသည်-

(က) မှတ်ကောင်ငုပ်ကွက် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မှတ်ကောင်ငုပ်ကွက် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေး ကော်မတီကို ဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (၁) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | ... | ဥက္ကဋ္ဌ |
| (၂) | သတ္တုတွင်းဝန်ကြီးဌာန<br>သတ္တုတွင်းဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး | ... | အဖွဲ့ဝင် |
| (၃) | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန<br>ငါးလုပ်ငန်းဦးစီးဌာနမှ ကိုယ်စားလှယ် တစ်ဦး | ... | အဖွဲ့ဝင် |
| (၄) | ကာကွယ်ရေးဝန်ကြီးဌာန<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)မှ ကိုယ်စားလှယ်တစ်ဦး | ... | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်<br>မှ ကိုယ်စားလှယ်တစ်ဦး | ... | အဖွဲ့ဝင် |
| (၆) | သက်ဆိုင်ရာ ပြည်နယ်၊<br>တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ<br>ကိုယ်စားလှယ်တစ်ဦး | ... | အဖွဲ့ဝင် |
| (၇) | ပုလဲလုပ်ငန်းနှင့် စပ်လျဉ်း၍ ကျွမ်းကျင် ပညာရှင်<br>တစ်ဦး မှ သုံးဦးအထိ | ... | အဖွဲ့ဝင် |
| (၈) | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | ... | အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၄။ ကော်မတီသည် မှတ်ကောင်ငုပ်ကွက် နယ်နိမိတ် တိုင်းတာသတ်မှတ်သည့် အစီရင်ခံစာကို ပြုစုပြီး သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၅။ သတ္တုတွင်းဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၂၄ အရ တင်ပြလာသော မှတ်ကောင်ငုပ်ကွက် နယ်နိမိတ် တိုင်းတာ သတ်မှတ်သည့်အစီရင်ခံစာနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး သဘော ထားမှတ်ချက်ဖြင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။

(ခ) အစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိသည့်အခါ မှတ်ကောင်ငုပ်ကွက် နယ်နိမိတ် တိုင်းတာ သတ်မှတ်ချက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာရမည်။

၂၆။ သတ္တုတွင်းဝန်ကြီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက စီမံခန့်ခွဲလျက်ရှိသော ရေပြင်တွင် မုတ်ကောင်ငုပ်ကွက် နယ်နိမိတ် တိုင်းတာ သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းပြီး သဘောထား မှတ်ချက်ရယူရမည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းက လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို ခွင့်ပြုမိန့်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၂၇။ သတ္တုတွင်းဝန်ကြီးဌာနသည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်ငုပ်ကွက် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မုတ်ကောင်ငုပ်ကွက်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ယင်းသို့ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို အမိန့်ကြော်ငြာစာထုတ်ပြန် ကြေညာရမည်။

(ခ) သတ်မှတ်ထားသည့် မုတ်ကောင်ငုပ်ကွက် နယ်နိမိတ်များ ပါဝင်သော မုတ်ကောင်ငုပ်ကွက် ဧရိယာပြ မြေပုံကို သက်ဆိုင်ရာ အစိုးရဌာနများသို့ ဖြန့်ဝေရမည်။

## အခန်း (၇)

## အထွေထွေ

၂၈။ သတ္တုတွင်းဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၅ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မုတ်ကောင်ငုပ်ကွက်များထိခိုက်ပျက်စီးခြင်းနှင့်မုတ်ကောင်များမျိုးပြုန်းတီးခြင်းတို့မှကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သော တားမြစ်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

၂၉။ သတ္တုတွင်းဝန်ကြီးဌာနသည် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သိပ္ပံနည်းကျ သုတေသန လုပ်ငန်းဆောင်ရွက်သည့် ရေယာဉ်များကို အခကြေးငွေ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၃၀။ ဦးဆောင်ညွှန်ကြားရေးမှူးသည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၃၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းသည် သတ္တုတွင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းပြည်ပတွင် ပုလဲများကို ပြသခြင်း၊ ရောင်းချခြင်း ပြုနိုင်သည်။

၃၂။ စစ်ဆေးရေးအရာရှိချုပ်ဖြစ်သည့် ဦးဆောင်ညွှန်ကြားရေးမှူးသည် မိမိ၏ ဆောင်ရွက်ချက်များကို သတ္တုတွင်းဝန်ကြီးဌာနသို့ အစီရင်ခံရမည်။

၃၃။ စစ်ဆေးရေးအရာရှိများသည် မိမိတို့၏ဆောင်ရွက်ချက်များကို စစ်ဆေးရေးအရာရှိချုပ်ထံ အစီရင်ခံရမည်။

ဗိုလ်မှူးချုပ် အုန်းမြင့်

ဝန်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊**
**မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း၊**
**မုတ်ခွံရောင်းချခြင်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ**
**[ နည်းဥပဒေ ၃ (က) ]**

သို့

ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန
ရန်ကုန်မြို့

ရက်စွဲ---------------------

အကြောင်းအရာ။ **။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေအရ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ပုလဲ ထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း။**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတော်အတွင်း မြန်မာ့ပုလဲလုပ်ငန်း ဥပဒေနှင့်အညီ ပုလဲ ထုတ်လုပ်ခြင်းလုပ်ငန်း (မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင် ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း၊ မုတ်ခွံရောင်းချခြင်း)ကို လုပ်ကိုင်လိုပါ၍ ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူ၏အမည်၊ ရာထူးအဆင့်၊ တာဝန်၊ ---------------------------------------
နိုင်ငံသား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ---------------------------------------
နိုင်ငံကူးလက်မှတ်အမှတ် နှင့် နေရပ်လိပ်စာ ---------------------------------------
၂။ လျှောက်ထားသည့် ကုမ္ပဏီအမည်၊ ---------------------------------------
မှတ်ပုံတင်အမှတ်နှင့် ကုမ္ပဏီဖွဲ့စည်းတည်ရှိရာလိပ်စာ ------------------------------
၃။ လုပ်ကိုင်လိုသောလုပ်ငန်းများ ---------------------------------------
၄။ လုပ်ငန်းအတွက်မတည်ငွေရင်းပမာဏ ---------------------------------------
၅။ လုပ်ငန်းဖြစ်မြောက်ရေးအတွက် ဘဏ်အာမခံငွေ ---------------------------------------
၆။ လုပ်ငန်းလုပ်ကိုင်လိုသည့် နေရာဒေသ ---------------------------------------
(ဧရိယာအကျယ်အဝန်း ခန့်မှန်းခြေ) ---------------------------------------
(မြေပုံညွှန်းရှိက ပူးတွဲတင်ပြရန်) ---------------------------------------
၇။ လုပ်ကွက်တည်ရှိရာမြို့နယ် ---------------------------------------
၈။ တစ်ဆင့်သွားလာဝင်ထွက်မည့်မြို့များ ---------------------------------------
၉။ ထုတ်လုပ်မည့်ပစ္စည်း ---------------------------------------
၁၀။ လုပ်ငန်းဆောင်ရွက်လိုသည့်နှစ်ကာလအပိုင်းအခြား ---------------------------------------
၁၁။ လုပ်ငန်းအလိုက်လုပ်ကိုင်မည့်နည်းစနစ်များ ---------------------------------------
(မူရင်းနိုင်ငံတွင် အတွေ့အကြုံရှိက ဖော်ပြရန်)
၁၂။ ရည်ရွယ်ထားသော လုပ်ငန်းသဘောတူစာချုပ် ---------------------------------------
(မူကြမ်း) (ပူးတွဲလျက်)
၁၃။ အခြားဖော်ပြလိုသောအချက်များ ---------------------------------------
---------------------------------------

လက်မှတ် ----------------------
အမည် ----------------------
ကုမ္ပဏီ ----------------------

ပုံစံ (မပလ - ၂)

**ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်သားဖောက်မွေးမြူခြင်း၊**
**မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း**
**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ**
**[ နည်းဥပဒေ ၃ (ခ) ]**

သို့

ဝန်ကြီး
သတ္တုတွင်းဝန်ကြီးဌာန
ရန်ကုန်မြို့

ရက်စွဲ---------------------

အကြောင်းအရာ။ **။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေအရ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုဖြင့် ပုလဲ ထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း။**

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတော်အတွင်း မြန်မာ့ပုလဲလုပ်ငန်း ဥပဒေနှင့်အညီ ပုလဲ ထုတ်လုပ်ခြင်းလုပ်ငန်း (မုတ်ကောင် သားဖောက်မွေးမြူခြင်း၊ မုတ်ကောင် ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲ မွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း)ကို လုပ်ကိုင်လိုပါ၍ ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | လျှောက်ထားသူ၏ အမည်၊ ရာထူးအဆင့်၊ တာဝန်၊ | -------------------------------------- |
| | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် | -------------------------------------- |
| | နေရပ်လိပ်စာ | -------------------------------------- |
| ၂။ | လျှောက်ထားသည့် ကုမ္ပဏီအမည်၊ | -------------------------------------- |
| | မှတ်ပုံတင်အမှတ်နှင့် ကုမ္ပဏီဖွဲ့စည်းတည်ရှိရာလိပ်စာ | ------------------------------ |
| ၃။ | လုပ်ကိုင်လိုသောလုပ်ငန်းများ | -------------------------------------- |
| ၄။ | လုပ်ငန်းအတွက်မတည်ငွေရင်းပမာဏ | -------------------------------------- |
| ၅။ | လုပ်ငန်းဖြစ်မြောက်ရေးအတွက် ဘဏ်အာမခံငွေ | -------------------------------------- |
| ၆။ | လုပ်ငန်းလုပ်ကိုင်လိုသည့် နေရာဒေသ | -------------------------------------- |
| | (ဧရိယာအကျယ်အဝန်း ခန့်မှန်းခြေ) | -------------------------------------- |
| | (မြေပုံညွှန်းရှိက ပူးတွဲတင်ပြရန်) | -------------------------------------- |
| ၇။ | လုပ်ကွက်တည်ရှိရာမြို့နယ် | -------------------------------------- |
| ၈။ | တစ်ဆင့်သွားလာဝင်ထွက်မည့်မြို့များ | -------------------------------------- |
| ၉။ | ထုတ်လုပ်မည့်ပစ္စည်း | -------------------------------------- |
| ၁၀။ | လုပ်ငန်းဆောင်ရွက်လိုသည့်နှစ်ကာလအပိုင်းအခြား | -------------------------------------- |
| ၁၁။ | လုပ်ငန်းအလိုက်လုပ်ကိုင်မည့်နည်းစနစ်များ | -------------------------------------- |
| | (အတွေ့အကြုံရှိက ဖော်ပြရန်) | |
| ၁၂။ | ရည်ရွယ်ထားသော လုပ်ငန်းသဘောတူစာချုပ် | -------------------------------------- |
| | (မူကြမ်း) (ပူးတွဲလျက်) | |
| ၁၃။ | အခြားဖော်ပြလိုသောအချက်များ | -------------------------------------- |
| | | -------------------------------------- |

လက်မှတ် ----------------------
အမည် ----------------------
ကုမ္ပဏီ ----------------------

**ပုံစံ (မပလ - ၃)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ခွင့်ပြုမိန့်**

[ နည်းဥပဒေ ၄ (ဃ) ]

ခွင့်ပြုမိန့်အမှတ် -----------

ရက်စွဲ -------------------

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနသည် အောက်ပါပုဂ္ဂိုလ်၊အဖွဲ့အစည်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်း (မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း၊ မုတ်ကောင်သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်း၊ မုတ်ခွံရောင်းချခြင်း) လုပ်ကိုင်ရန် ခွင့်ပြုမိန့် ထုတ်ပေးလိုက်သည်။

၁။ ခွင့်ပြုမိန့်ရရှိသည့် ပုဂ္ဂိုလ်အမည်၊ ရာထူးအဆင့်၊ ----------------------------------------
တာဝန်၊ နိုင်ငံသား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ----------------------------------------
အမှတ်၊နိုင်ငံကူးလက်မှတ်အမှတ် နှင့် နေရပ်လိပ်စာ ----------------------------------------

၂။ ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီအမည်၊ ----------------------------------------
မှတ်ပုံတင်အမှတ်နှင့် ကုမ္ပဏီဖွဲ့စည်းတည်ရှိရာလိပ်စာ ------------------------------

၃။ ခွင့်ပြုမိန့်အရ နယ်မြေသတ်မှတ်ချက်

(က) တည်နေရာ ----------------------------------------

(ခ) ဧရိယာအကျယ်အဝန်း ----------------------------------------

(ဂ) သတ်မှတ်နယ်မြေ ----------------------------------------

၄။ လုပ်ကွက်တည်ရှိရာမြို့နယ် ----------------------------------------

၅။ တစ်ဆင့်သွားလာဝင်ထွက်မည့်မြို့များ ----------------------------------------

၆။ ခွင့်ပြုသည့်လုပ်ငန်း ----------------------------------------

၇။ ခွင့်ပြုသည့်သက်တမ်းကာလ ----------------------------------------

၈။ ခွင့်ပြုသည့်ရက်စွဲ --------------------------------------

၉။ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ ----------------------------------------

၁၀။ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ

(က) ခွင့်ပြုသည့် လုပ်ငန်းနှင့် သက်ဆိုင်သော စာချုပ်ပါ သဘော တူညီချက်များ နှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) အဆိုပြုလွှာပါ ရင်းနှီးမြှုပ်နှံမှုအတိုင်း လုပ်ကိုင်ဆောင်ရွက်ရမည်။

(ဂ) ခွင့်ပြုမိန့်ပါ ဧရိယာအတွင်း ခွင့်ပြုသည့် လုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။

(ဃ) အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

ဝန်ကြီး

သတ္တုတွင်းဝန်ကြီးဌာန

**ပုံစံ (မပလ - ၄)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ခွင့်ပြုမိန့်**

[ နည်းဥပဒေ ၄ (ဃ) ]

ခွင့်ပြုမိန့်အမှတ် -----------

ရက်စွဲ -------------------

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သတ္တုတွင်းဝန်ကြီးဌာနသည် အောက်ပါပုဂ္ဂိုလ်၊အဖွဲ့အစည်းအား မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၅ အရ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင် သားဖောက်မွေးမြူခြင်း၊ မုတ်ကောင်ပြုစုစောင့်ရှောက်ခြင်း၊ ပုလဲမွေးမြူခြင်း၊ ပုလဲဖော်ယူခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် ထုတ်ပေးလိုက်သည်။

၁။ ခွင့်ပြုမိန့်ရရှိသည့် ပုဂ္ဂိုလ်အမည်၊ ရာထူးအဆင့်၊ ---------------------------------------
တာဝန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ---------------------------------------
နေရပ်လိပ်စာ ---------------------------------------

၂။ ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီအမည်၊ ---------------------------------------
မှတ်ပုံတင်အမှတ်နှင့် ကုမ္ပဏီ ဖွဲ့စည်းတည်ရှိရာလိပ်စာ ------------------------------

၃။ ခွင့်ပြုမိန့်အရ နယ်မြေသတ်မှတ်ချက်
(က) တည်နေရာ ---------------------------------------
(ခ) ဧရိယာအကျယ်အဝန်း ---------------------------------------
(ဂ) သတ်မှတ်နယ်မြေ ---------------------------------------

၄။ လုပ်ကွက်တည်ရှိရာမြို့နယ် ---------------------------------------

၅။ တစ်ဆင့်သွားလာဝင်ထွက်မည့်မြို့များ ---------------------------------------

၆။ ခွင့်ပြုသည့်လုပ်ငန်း ---------------------------------------

၇။ ခွင့်ပြုသည့်သက်တမ်းကာလ ---------------------------------------

၈။ ခွင့်ပြုသည့်ရက်စွဲ --------------------------------------

၉။ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ ---------------------------------------

၁၀။ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ
(က) ခွင့်ပြုသည့် လုပ်ငန်းနှင့် သက်ဆိုင်သော စာချုပ်ပါ သဘောတူညီချက်များ နှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။
(ခ) အဆိုပြုလွှာပါ ရင်းနှီးမြှုပ်နှံမှုအတိုင်း လုပ်ကိုင်ဆောင်ရွက်ရမည်။
(ဂ) ခွင့်ပြုမိန့်ပါ ဧရိယာအတွင်း ခွင့်ပြုသည့် လုပ်ငန်းကိုသာ လုပ်ကိုင်ရမည်။
(ဃ) အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

ဝန်ကြီး

သတ္တုတွင်းဝန်ကြီးဌာန

ပုံစံ (မပလ - ၅)

**ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီးစုဆောင်းခြင်း**
**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ**
**[ နည်းဥပဒေ ၅ (က) ]**

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

ရက်စွဲ -------------------

အကြောင်းအရာ။ **။ မြန်မာ့ပုလဲလုပ်ငန်း ဥပဒေအရ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင် ဖမ်းဆီး စုဆောင်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း။**

မြန်မာနိုင်ငံအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင်ဖမ်းဆီး စုဆောင်းခြင်းလုပ်ငန်းကို မြန်မာ့ပုလဲလုပ်ငန်းဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူ၏အမည်၊ ရာထူးအဆင့်၊ တာဝန်၊ ---------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ---------------------------------------
နေရပ်လိပ်စာ ---------------------------------------

၂။ လျှောက်ထားသည့် ကုမ္ပဏီအမည်၊ ---------------------------------------
မှတ်ပုံတင်အမှတ်နှင့် ကုမ္ပဏီဖွဲ့စည်းတည်ရှိရာလိပ်စာ ------------------------------

၃။ လုပ်ကိုင်လိုသောလုပ်ငန်းများ ---------------------------------------

၄။ လုပ်ငန်းလုပ်ကိုင်လိုသည့်နေရာဒေသ ---------------------------------------

၅။ အသုံးပြုမည့်ရေယာဉ်နှင့်သက်ဆိုင်သောအချက်များ
(က) ရေယာဉ်အမည်၊ အမျိုးအစား ---------------------------------------
( ခ ) အရွယ်အစား ---------------------------------------
( ဂ ) တပ်ဆင်ထားသောပင်မအင်ဂျင်စက်နှင့် ---------------------------------------
အရန်စက်များနှင့်ဆိုင်သောအချက်များ ---------------------------------------
(ဃ) လေပေးစက်အမျိုးအမည်နှင့်စွမ်းအား ---------------------------------------
( င ) အသုံးပြုမည့် ရေငုပ်ကိရိယာများ ---------------------------------------

၆။ အသုံးပြုမည့် ရေယာဉ်ဝန်ထမ်းနှင့် ရေငုပ် ---------------------------------------
ကျွမ်းကျင်သူဦးရေ ---------------------------------------
(မှတ်ချက် - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းတွင် မှတ်ပုံတင်ထားသော ရေငုပ်များဖြစ်ရမည်။)

၇။ မုတ်ကောင်ငုပ်ယူမည့်နည်းစနစ် ---------------------------------------

၈။ လုပ်ကိုင်ခွင့်သက်တမ်းအတွင်း ရရှိနိုင်မည့် ---------------------------------------
မုတ်ကောင်အရေအတွက် (ခန့်မှန်း) ---------------------------------------

၉။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေနှင့် နည်းဥပဒေများ၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များ အတိုင်း လိုက်နာလုပ်ကိုင်ဆောင်ရွက်ပါမည်။

လက်မှတ် -----------------------
အမည် -----------------------
ကုမ္ပဏီ -----------------------

ပုံစံ (မပလ - ၆)

**ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ခွံရောင်းချခြင်းလုပ်ငန်း**
**လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ**
**[ နည်းဥပဒေ ၅ (ခ) ]**

သို့

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန

ရက်စွဲ --------------------

